# ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ။ )

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်"ဆိုသည့် စကားရပ်ကို "ခွင့်ပြုချက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၌ ပါရှိသော " ကိုယ်ရေးအချက်အလက်" ဆိုသည့် စကားရပ်ကို "အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပြည့်အစုံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအခန်း (၄) တွင်-

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "နှင့် ငြင်းပယ်ခြင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးက ဖြစ်စေ၊ နိုင်ငံသား အများကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့် အခါ သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းတို့" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့် ကြွေးကြော်ခွင့်ပြုသည့် စကားရပ်များ၊"

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဋ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (ည)အထိပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်း မရှိ၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ လူစုခွဲရမည်။"

၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော "နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်"ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "ခြောက်လထက် မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော "ခြောက်လထက် မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "သုံးလထက် မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်